# ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်မှ ဇွန်လ ၂၀၂၁ ခုနှစ်အထိ

## ပြည်တွင်းလုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှု - နောက်ခံအခြေအနေ

မြန်မာနိုင်ငံ၏ လူဦးရေ ၅ ပုံ ၁ ပုံခန့်သည် ၎င်းတို့၏ ဘဝတစ်လျှောက်လုံးတွင် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာဖူးသူများဖြစ်သည်ဟု ခန့်မှန်းထားပြီး၊ အကြမ်းဖျင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးဦးရေသည် အတူတူလောက်ဖြစ်သည်။[1] လူများသည် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ရွှေ့ပြောင်းသွားလာကြခြင်းအပြင် ၎င်းတို့၏ မိသားစုဝင်ငွေ ရရာရကြောင်း နည်းလမ်းတစ်ရပ်အဖြစ်လည်း ရွှေ့ပြောင်းသွားလာကြသည်။[2] မြန်မာနိုင်ငံအတွင်း ပြည်တွင်း ရွှေ့ပြောင်းသွားလာမှုနှုန်း ဆက်လက်တိုးပွားလျက်ရှိပါသည်။ မြို့ပြအသွင်ကူးပြောင်းခြင်းနှင့်အတူ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အလုပ်သမားများစွာကို ဆွဲငင်ခေါ်ဆောင်လျက်ရှိသည်။ ကိုဗစ်နိုင်တင်းကမ္ဘာ့ကပ်ရောဂါ မဖြစ်ပွားမီ အချိန်ထိ၊ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားခဲ့ပြီး၊ ဆင်းရဲနွမ်းပါးနှုန်းကို အထိုက်အလျောက် လျှော့ချနိုင်ခဲ့သည်။ သို့သော်လည်း ပုံစံတကျမဟုတ်သော အလုပ်အကိုင်အရေအတွက်မှာ မြင့်မားဆဲဖြစ်ပြီး၊ လုပ်သားထု၏ ၈၄ ရာခိုင်နှုန်း၊ ဆိုလိုသည်မှာ အလုပ်သမားအားလုံးအနေဖြင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် လိုအပ်ချက်များနှင့် ရင်ဆိုင်နေကြရသည်။[3]

ပြည်တွင်းရွှေ့ပြောင်းသွားလာသူများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသော်လည်း၊ ပုံစံတကျမဟုတ်သော ကဏ္ဍတွင် လုပ်ကိုင်နေသူများအနေဖြင့် ရွှေ့ပြောင်းသွားလာမှုမှ ရရှိမည့် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ အတားအဆီး စိန်ခေါ်မှုများ ကြုံတွေ့နေရသည့်အပြင်၊ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ ခြေသလုံး အိမ်တိုင်သွားလာရသည့် သဘာဝနှင့် လူမှုဖုံလုံရေးအောက် အကျုံးမဝင်သော ပုံစံတကျမဟုတ်သည့် ကဏ္ဍများရှိအလုပ်အကိုင်များပျံ့နှံ့ပေါများခြင်းကြောင့် လူမှုဖူလုံရေးရရှိမှုတွင် အခက်အခဲများကြုံတွေ့ရသည်။ အလုပ်သမားဥပဒေကာကွယ်စောင့်ရှောက်မှုအောက်တွင် အကျုံးဝင်သည့် ကဏ္ဍများတွင် လုပ်ကိုင်နေသော ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအနေဖြင့် အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်နိုင်ပြီး ပံ့ပိုးမှုယန္တရားများမှ အကူအညီများ ရယူနိုင်ကြသည်။ ပုံစံတကျမဟုတ်သော ကဏ္ဍတွင် လုပ်ကိုင်နေသူများအနေဖြင့် တည်ထောင်ထားပြီးဖြစ်သည့် လူမှုကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများမှ အခြေခံကာကွယ်စောင့်ရှောက်မှုများကို မရရှိဘဲ၊ သီးခြားအခြေအနေတွင်ရှိကာ ခေါင်းပုံဖြတ်မှုများ ကြုံတွေ့သည့်တိုင် တိုင်ကြားမှုပြုရန် စိုးရိမ်နေလေ့ရှိကြသည်။ ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအနေဖြင့် လုပ်သားစုဆောင်းခြင်း ကုန်ကျစရိတ်များအပြင် ရွှေ့ပြောင်းသွားလာရသည့် ကုန်ကျစရိတ်များကိုပါ ပေးရလေ့ရှိသည်။ ခရီးဆုံး သွားရောက်မည့် ဆိုက်ရောက်ဒေသတွင် သင့်လျော်၍ ဘေးကင်းလုံခြုံသော နေရာထိုင်ခင်းရှာဖွေရခြင်းသည် ပြည်တွင်းရွှေ့ပြောင်းသွားလာရာတွင် အခက်အခဲဆုံး ပြဿနာတစ်ရပ်အဖြစ် ရှိနေသည်။ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် မြှင့်တင်ဆောင်ရွက်ရန်အတွက် DIILM စီမံကိန်းသည် အောက်ပါ လုပ်ငန်းဆောင်ရွက်ချက်များကို ဆောင်ရွက်ခဲ့ပါသည်။

---

[1] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၂၀၁၆)။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်းဆိုင်ရာ အသေးစိတ်ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း။

[2] Enlightened Myanmar Research (EMR) နှင့် World Bank (WB). (2016). *Livelihoods and Social Change in Rural Myanmar*, Qualitative Social and Economic Monitoring (QSEM) Series Round Five Report, commissioned by Livelihoods and Food Security Trust Fund (LIFT - အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့).

[3] ၂၀၁၇ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အားစစ်တမ်း၊

© International Labour Organization 2020

## နိုင်ငံအဆင့် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၏ အသိအမြင်၊ ဗဟုသုတနှင့် စွမ်းဆောင်ရည်နှင့် ညှိနှိုင်းဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေခြင်း၊

DIILM စီမံကိန်းသည် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် အဆင်ပြေလွယ်ကူပြီး၊ သင့်တင့်မျှတ၍ ဘေးကင်းလုံခြုံမှုရှိသော ရွှေ့ပြောင်းသွားလာခြင်းဖြစ်စေရန်၊ အထူးသဖြင့် အလွဲသုံးစားပြုသော လုပ်သားစုဆောင်းသည့် အလေ့အကျင့်များကို ဖြေရှင်းရေးနှင့် လုပ်သားစုဆောင်းခြင်းဆိုင်ရာ မူဝါဒများ ရေးဆွဲဖော်ဆောင်ရေး အလေးထားမှုနှင့်အတူ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍၊ မူဝါဒရေးဆွဲဖော်ဆောင်ရေးအတွက် အဓိကကျသော နယ်ပယ်ဧရိယာများကို ဖော်ထုတ်ရန် ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် နိုင်ငံအဆင့် အဓိကသက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအသီးသီးကို ကျင်းပဆောင်ရွက်ခဲ့ပါသည်။

- ၂၀၁၇ ခုနှစ်တွင်၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သင်တန်းများကို စီမံကိန်းက ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး၊ ပုသိမ်၊ ကျိုင်းတုံ၊ ရန်ကုန်၊ စစ်တွေ၊ နေပြည်တော်နှင့် မန္တလေးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအရာရှိများ၊ ဒေသတွင်းလုပ်သားစုဆောင်းရေးအေဂျင်စီများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စုစုပေါင်း ၄၃၇ ဦး (အမျိုးသမီး ၂၇၈ ဦး နှင့် အမျိုးသား ၁၅၉ ဦး) တက်ရောက်ခဲ့ကြသည်။ သင်တန်းများတွင် မြန်မာနိုင်ငံရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာမှု အတိုင်းအတာ၊ ဦးတည်ချက်လားရာနှင့် သက်ရောက်မှုများကိုလေ့လာဆွေးနွေးခဲ့ပြီး၊ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ မူဝါဒနှင့် ဝန်ဆောင်မှုများတွင် ကွာဟချက်များကို ဖော်ထုတ်ရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။
- ဤအလုပ်ရုံဆွေးနွေးပွဲများအပေါ် အခြေခံ၍၊ စီမံကိန်းသည် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ ရွှေ့ပြောင်းသွားလာမှုနှင့် ဘေးကင်းလုံခြုံရေးကို ပံ့ပိုးရန် ဆွေးနွေးညှိနှိုင်းမှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန်အတွက် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ မူရင်းဒေသနှင့် ဆိုက်ရောက်ရာဒေသများအကြား ချိတ်ဆက်ဆောင်ရွက်ခြင်း သဘောတရားကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဆိုက်ရောက်ရာဒေသအဖြစ် ရန်ကုန်နှင့် မူရင်းဒေသအဖြစ် ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် အလုပ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ပါဝင်တက်ရောက်သူများအနေဖြင့် မူရင်းဒေသနှင့် ဆိုက်ရောက်ရာဒေသများရှိ စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍများအကြောင်းကို ကောင်းစွာနားလည်သိမြင်ခဲ့ပြီး၊ ရွှေ့ပြောင်းသွားလာသူများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန် လုပ်ငန်းစီမံချက်ရေးဆွဲရန်အတွက် များစွာ အထောက်အကူပြုခဲ့ပါသည်။
- ထို့အပြင် စီမံကိန်းအနေဖြင့် ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းကာလတွင် ဧရာဝတီတိုင်းဒေသကြီးမှ တိုင်းဒေသကြီးဆိုင်ရာ လွှတ်တော်အမတ်များ၊ အလုပ်သမားအရာရှိများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ရန်ကုန်သို့ ချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ လေ့လာရေးခရီးတစ်ခုသွားရောက်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ လေ့လာရေးခရီးတွင် အထည်ချုပ်စက်ရုံတစ်ခုသို့ သွားရောက် လေ့လာခြင်း၊ စက်ရုံအလုပ်သမားများ၏ နေထိုင်ရာ အဆောင်များ၊ မင်္ဂလာဒုံ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး၊ လူဝင်မှုကြီးကြပ်ရေးရုံး၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များသို့ သွားရောက်လေ့လာခြင်းများ ပါဝင်ခဲ့ပါသည်။ လေ့လာရေးခရီး၏ ရည်ရွယ်ချက်မှာ ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများကို ကောင်းစွာ သိမြင်နားလည်ရန်နှင့် ရွှေ့ပြောင်းသွားလာမှုမှနေ၍ မူရင်းဒေသနှင့် ဆိုက်ရောက်ဒေသနှစ်ရပ်စလုံးအတွက် ပိုမိုအကျိုးကျေးဇူးဖြစ်ထွန်းစေရန်ဖြစ်ပါသည်။

© International Labour Organization 2020

## အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးညှိနှိုင်းပွဲများနှင့် လေ့လာရေးခရီးများမှ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း အကျိုးရလဒ်များ တိုးတက်စေရန် အကြံပြုချက်များ [4]

**မူရင်းဒေသများတွင် မူဝါဒများနှင့် ဝန်ဆောင်မှုများ**

- နေရပ်ပြန်ရွှေ့ပြောင်းသွားလာသူများအား ရွှေ့ပြောင်းသွားလာခြင်းမှ ရရှိလာသည့် ကျွမ်းကျင်မှုများကို အသိအမှတ်ပြုခြင်းဖြင့်၊ ရရှိနိုင်သည့် အလုပ်အကိုင် အသေးစိတ်သတင်းအချက်အလက်များ၊ အလုပ်အကိုင်နှင့် နေထိုင်မှုဆိုင်ရာ အခြေအနေများအကြောင်းနှင့် အလုပ်အကိုင်ဆိုင်ရာဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် မြန်မာနိုင်ငံတွင် မူရင်းဒေသများရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများက ဆိုက်ရောက်ဒေသများရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများနှင့် နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။
- ထို့အပြင် လုပ်သားစုဆောင်းရေး အေဂျင်စီများနှင့် ပွဲစားများက ကြော်ငြာသည့် အလုပ်အကိုင်အခွင့်အလမ်းများကို မှန်/မမှန် အတည်ပြုပေးနိုင်သည်။
- မြန်မာနိုင်ငံအတွင်း အလုပ်အကိုင်ရှာဖွေသူများက ပုံစံတကျမဟုတ်သော/တရားမဝင် ပွဲစားများအား များစွာအားကိုးအသုံးပြုနေခြင်းကို စဉ်းစားသုံးသပ်လျက်၊ MOLIP အနေဖြင့် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ ပုဂ္ဂလိက အလုပ်အကိုင်ဆိုင်ရာ ပြဋ္ဌာန်းချက် ၁၉၉၇ (အမှတ် ၁၈၁) နှင့် သက်ဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၈၈) နှင့်အညီ ပွဲစားများကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်း ဆောင်ရွက်ရန် ကြိုးပမ်းသင့်ပါသည်။
- အလှူရှင်အသိုက်အဝန်းအနေဖြင့် နေရပ်ပြန် ရွှေ့ပြောင်းသွားလာသူများအား အသေးစားစီးပွားရေး လုပ်ငန်းများ စတင်တည်ထောင်ရန် အကူအညီပေးသည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ပါသည်။

**ဆိုက်ရောက်ဒေသများတွင် မူဝါဒများနှင့် ဝန်ဆောင်မှုများ**

- စက်မှုဇုန်များ စတင် အစီအစဉ်ရေးဆွဲခြင်းကာလအတွင်း အစိုးရအနေဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်၊ အလုပ်သမားအသင်းအဖွဲ့များနှင့် သက်ရောက်မှုရှိမည့် လူဦးရေ/လူထုပါဝင်သည့် ဆွေးနွေးညှိနှိုင်းပွဲများကို ပြုလုပ်သင့်ပါသည်။ အစီအစဉ်တွင် အလုပ်သမားများအတွက် အားလပ်ရက်နှင့် အလုပ်နားရက်များတွင် အပန်းဖြေအနားယူနိုင်ရန် ဘေးကင်းလုံခြုံသည့် အများပြည်သူနေရာများအား ဖန်တီးပြုလုပ်ပေးရန် စက်မှုဇုန်များတွင် ဒေသန္တရစီမံခန့်ခွဲရေးအတွက် နေရာနှင့် အရင်းအမြစ်များ ထည့်သွင်းဆောင်ရွက်သင့်ပါသည်။
- ပြည်တွင်းရွှေ့ပြောင်းအလုပ်သမား အများဆုံးရှိသည့်နေရာများတွင် ဘေးကင်းလုံခြုံ၍ သင့်လျော်သော တန်ဖိုးနည်းအိမ်ရာများကို ILO ၏ အလုပ်သမားအိမ်ရာဆိုင်ရာအကြံပြုတိုက်တွန်းချက် (အမှတ် ၁၁၅) နှင့် အညီ ဖော်ဆောင်သင့်ပါသည်။[5]
- အသစ်ရောက်ရှိလာသော ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် စနစ်တကျဖြစ်သော မိတ်ဆက်သင်တန်းများကို ပြုလုပ်ပေးသင့်ပြီး၊ ဤသင်တန်းများတွင် သက်ဆိုင်ရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လုပ်ငန်းခွင်အခွင့်အရေးနှင့် တာဝန်ဝတ္တရားဆိုင်ရာ သတင်းအချက်အလက်နှင့် သင်တန်း

---

[4] ဤအကြံပြုချက်များကို ကိုဗစ်နိုင်တင်းကပ်ရောဂါမဖြစ်ခင် ပြုစုရေးသားခဲ့ခြင်းဖြစ်သည်။

[5] အပိုဒ် ၂ တွင် - အမျိုးသားအိမ်ရာမူဝါဒ မျှော်မှန်းချက်သည် အလုပ်သမားအားလုံးနှင့် ၎င်းတို့မိသားစုဝင်များအတွက် လုံလောက်၍ သင့်လျော်ကောင်းမွန်သော အိမ်ရာနေရာထိုင်ခင်းနှင့် သင့်တင့်လျောက်ပတ်သော လူနေမှုပတ်ဝန်းကျင် သေချာစေရေး ရည်မှန်းချက်နှင့်အတူ၊ အထွေထွေ အိမ်ရာမူဝါဒဆိုင်ရာ မူဘောင်အတွင်း  အိမ်ရာနှင့် သက်ဆိုင်ရာ ရပ်ရွာအခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းကို မြှင့်တင်ဆောင်ရွက်သင့်သည် ဟု အကြံပြုတိုက်တွန်းဖော်ပြထားသည်။

© International Labour Organization 2020

များအပြင် ကျား/မရေးရာနှင့်၊ မတူကွဲပြားမှုအသိအမြင်များ၊ လူမှုမီဒီယာအသုံးပြုခြင်းများအပါအဝင် ဘဝနေထိုင်ရေး ကျွမ်းကျင်ပညာများ ပါဝင်သင်ကြားပေးသင့်ပါသည်။

- အရေးပေါ်အခြေအနေများအတွက် အခမဲ့နှင့် ဘေးကင်းလုံခြုံသော နေရာထိုင်ခင်း/ယာယီစခန်းများကို အထူးသဖြင့် အမျိုးသမီးများအတွက် ပြုလုပ်ပေးသင့်ပါသည်။ အမျိုးသားများအနေဖြင့် ဘုန်းကြီးများတွင် အခမဲ့ တည်းခိုနေထိုင်နိုင်၍ဖြစ်သည်။
- စက်မှုဇုန်များတွင် လူဦးရေတိုးပွားလာမှုကို ထိန်းသိမ်းဆောင်ရွက်ရန် ဒေသန္တရ စီမံအုပ်ချုပ်ရေးဌာနများအား အများပြည်သူဝန်ဆောင်မှု (ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ မိလ္လာစနစ်၊ အမှိုက်နှင့် ပြန်လည်သုံးစွဲနိုင် ရေး အမှိုက်သိမ်းစနစ် အစရှိသည်) နှင့်ပတ်သက်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးသင့်ပါသည်။
- အလုပ်ရှင်များက ညပိုင်းအလုပ်သမားများကို အလုပ် အသွားအပြန်အတွက် ဘေးကင်းလုံခြုံသော သယ်ယူပို့ဆောင်ရေး စီစဉ်ပေးသင့်ပါသည်။
- အလုပ်သမားများကို လုပ်ငန်းတွင် ဆက်လက်ထိန်းထားနိုင်ရန်၊ အလုပ်ရှင်များအနေဖြင့် ဆွဲဆောင်မှု/မက်လုံးများ၊ ဥပမာ နှစ်စဉ်အပိုဆုကြေး၊ နှစ်တိုးလစာ၊ အလုပ်အကိုင်/ရာထူးတိုးမြှင့်ရေးအခွင့်အလမ်းများကို ပြုလုပ်ပေးသင့်ပါသည်။ ကုမ္ပဏီများအနေဖြင့်လည်း အလုပ်သမားများကို ကုမ္ပဏီတွင် ရှယ်ယာများ ဝယ်ယူခွင့်ပေးခြင်းဖြင့် လစာ သာမကဘဲ အမြတ်ရှယ်ယာများကိုလည်း ပေးနိုင်မည်ဖြစ်သည်။
- MOLIP အနေဖြင့် ပြည်တွင်း ရွှေ့ပြောင်းသွားလာသူများအတွက် နိုင်ငံသားအခွင့်အရေးများအပြင် လူမှုဖူလုံရေး ရရှိနိုင်ရန် လိုအပ်သည့်စာရွက်စာတမ်းများဖြည့်ဆည်းပေးခြင်း သေချာစေလျက်၊ ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လှည့်လည်ဆောင်ရွက်ပေးခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

**မူရင်းဒေသနှင့် ဆိုက်ရောက်ဒေသများရှိ မူဝါဒနှင့် ဝန်ဆောင်မှုများ**

- လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်သမားများအတွက် အကျိုးခံစားခွင့်များ ဆက်လက်အကျိုးခံစားခွင့် ရှိစေရန် အလုပ်ရှင်တစ်ဦးမှ အခြားတစ်ဦးသို့ (သို့မဟုတ်) အလုပ်တစ်နေရာမှ အခြားတစ်နေရာသို့ လူမှုဖူလုံရေး အကျိုးခံစားခွင့် လွှဲပြောင်းပေးခြင်း လုပ်ငန်းစဉ်ကို ရိုးရှင်းစွာ ဆောင်ရွက်ပေးခြင်းအား စဉ်းစားသုံးသပ်နိုင်ပါသည်။
- MOLIP အနေဖြင့် ခွဲခြားဆက်ဆံမှုရှိသော လုပ်သားစုဆောင်းသည့် အလေ့အကျင့်များ၊ ဥပမာအားဖြင့် ကျား သို့မဟုတ် မ သီးသန့် ဦးစားပေးခြင်း၊ အသက်အရွယ်၊ ဘာသာရေး စသည် ဦးစားပေးသော အလုပ်အကိုင်ကြော်ငြာများကို ကာကွယ်တားဆီးရန် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ပါသည်။
- MOLIP အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့်အတူ ညှိနှိုင်းဆောင်ရွက်လျက်၊ မသန်စွမ်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးခြင်းအပါအဝင် အလုပ်ရှင်များအတွက် လုပ်ငန်းခွင်ကို သင့်လျော်သလို အခြေအနေနှင့်အညီ ဆောင်ရွက်ရန် တရားဝင်သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ပေးသင့်ပါသည်။
- MOLIP အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍၊ အမျိုးသမီးနှင့် အမျိုးသားများအတွက် အလုပ်အကိုင်ဈေးကွက် ဖန်တီးဖော်ဆောင်ရန် အရွယ်ရောက်ပြီးသူများအတွက်ပညာရေးနှင့် အဝေးသင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းမျိုးစုံကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပါသည်။

© International Labour Organization 2020

## ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ အဓိကပြဿနာများကို ဖြေရှင်းပေးသော နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ဥပဒေနှင့် မူဝါဒများကို ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း၊

၂၀၁၇ ခုနှစ်တွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများပါဝင်ဆွေးနွေးညှိနှိုင်းမှုဖြင့် ရေးဆွဲခဲ့ပြီး၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုချမှတ်ခဲ့သည့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် (DWCP) (၂၀၁၈-၂၀၂၁) သည် မူဘောင်တစ်ရပ်ကို ပြဋ္ဌာန်းပေးထားပြီး၊ ဤမူဘောင်မှတစ်ဆင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးတက်ကောင်းမွန်စေရန်နှင့်၊ နိုင်ငံသားအားလုံးအတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒဆိုင်ရာ ဦးစားပေးအချက် ၅ ကို အထောက်အကူပြုရန် ရေးဆွဲဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများအကြား ဟန်ချက်ညီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအောင်မြင်ရရှိရေးနှင့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုပြည့်ဝသော မျိုးဆက်သစ်များပေါ်ထွန်းလာရေး ရည်မှန်းချက်ကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

DWCP ၏ ဦးစားပေးအချက် ၃ တွင် အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လွှမ်းခြုံနိုင်မှုကို ရည်မှန်းဖော်ပြထားပြီး အထူးသဖြင့် ထိခိုက်လွယ်သည့် အလုပ်သမားများနှင့် လူဦးရေများအတွက် တစ်ဆင့်ချင်း တိုးချဲ့ဆောင်ရွက်ရန်ဖြစ်သည်။ ပုံစံတကျမဟုတ်သည့် စီးပွားရေးအတွင်း လုပ်ကိုင်နေသူများအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်မှုကို အကန့်အသတ်ဖြင့်သာရရှိခြင်းနှင့် လုပ်သားအင်အား/လုပ်သားထု၏ ထိခိုက်လွယ်ဆုံးဖြစ်သော ကဏ္ဍများအတွက် သက်ဝင်လှုပ်ရှားသည့် လုပ်သားဈေးကွက် မူဝါဒ (ALMP) အပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံရပိုင်ခွင့်ကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ပေးရန်လိုအပ်သည်ကိုလည်း အသိအမှတ်ပြုဖော်ပြထားသည်။ DWCP ၏ ဦးစားပေးအချက် ၃ အထမြောက်အောင်မြင်ရန်အတွက် ILO အနေဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ ပိုမိုအကျုံးဝင်ပါဝင်ရေး ရည်မှန်းချက်နှင့်အတူ လူမှုဖူလုံရေးဥပဒေ ပြင်ဆင်ရေးဆွဲခြင်းတွင် နည်းပညာဆိုင်ရာအကူအညီများ ပေးခဲ့ပါသည်။

နိုင်ငံအဆင့် အလုပ်သမားဥပဒေများတွင် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ ကျွမ်းကျင်မှုများကို ပိုမို အသိအမှတ်ပြု ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး သေချာစေရန်၊ ILO အနေဖြင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြင်ဆင်ရေးဆွဲခြင်းတွင် နည်းပညာဆိုင်ရာ အကူအညီနှင့် အကြံပြုမှတ်ချက်များ ပေးခဲ့သည့်အပြင်၊ သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများကိုလည်း အလုပ်သမားဥပဒေပြင်ဆင်ရေး နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့မှတစ်ဆင့် သုံးပွင့်ဆိုင်အခြေပြု၍ ဥပဒေသုံးသပ်ဆောင်ရွက်ချက်များ ပံ့ပိုးပြုလုပ်ခဲ့ပါသည်။

## ပုံနှိပ်ထုတ်ဝေခြင်း

ဥပဒေပြင်ဆင်ရေးဆွဲခြင်းမှတစ်ဆင့် မြန်မာနိုင်ငံရှိ ပုံစံတကျမဟုတ်သော လုပ်ငန်းကဏ္ဍများအတွင်း လုပ်ကိုင်နေသည့် ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်မှု တိုးချဲ့ဆောင်ရွက်မှုကို ပံ့ပိုးရန် မူဝါဒဆိုင်ရာအကြံပြုချက်များ ဖြည့်ဆည်းပေးရန်အတွက် DIILM စီမံကိန်းအနေဖြင့် သုံးပွင့်ဆိုင်မိတ်ဖက်အဖွဲ့အစည်းများအပါအဝင်၊ အခြား ပါဝင်သက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်း၍ "ပုံစံတကျမဟုတ်သောစီးပွားရေးအတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် လူမှုဖူလုံရေး အတိုင်းအတာတိုးချဲ့ဆောင်ရွက်ခြင်း - မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆန်းစစ်လေ့လာမှု" ကို ပြုစုထုတ်ဝေခဲ့ပါသည်။

© International Labour Organization 2020

## အနာဂတ်ဆောင်ရွက်မည့် လုပ်ငန်းများ

- ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် အထူးသဖြင့် ထိခိုက်လွယ်သောလုပ်ငန်းကဏ္ဍများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင် လိုအပ်ချက်များ ဖြေရှင်းဆောင်ရွက်ရန်၊ စီမံကိန်းအနေဖြင့် အိမ်အကူအလုပ်သမားများ (Update No. 2: အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင် လက်တွေ့ဖော်ဆောင်ပေးခြင်း တွင်ကြည့်ရှုပါ။) နှင့် တစ်နိုင်တစ်ပိုင်နှင့် အသေးစား သတ္တုတွင်းလုပ်သားများ (ASM) အတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်နှင့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းသွားလာမှုသေချာစေရန်အတွက် မူဝါဒလိုအပ်ချက်များကို ဖော်ထုတ်ခဲ့ပါသည်။ ဤလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ မူဝါဒအကြံပြုချက်များနှင့် အနာဂတ် ဆောင်ရွက်ချက်များဖြင့် အထောက်အကူပြု ဆောင်ရွက်ရန်၊ စီမံကိန်းအနေဖြင့် အိမ်အကူအလုပ်သမားဆိုင်ရာ ဥပဒေမူကြမ်းအပေါ် နည်းပညာဆိုင်ရာ အကြံပြုမှတ်ချက်ပေးခြင်းနှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း (ASM) ရှိ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏အခြေအနေနှင့်ပတ်သက်၍ စာတမ်းတစ်စောင်ကို ပြုစုရေးသားလျက်ရှိပါသည်။
- DWCP ၏ ဦးစားပေးအချက် ၂ သည် တိုးတက်ကောင်းမွန်သော လုပ်သားဈေးကွက် စီမံအုပ်ချုပ်မှုမှတစ်ဆင့် လုပ်ငန်းခွင်အခြေခံမူသဘောတရားများနှင့် အခွင့်အရေးများကျင့်သုံးခြင်း ခိုင်မာအားကောင်းစေခြင်းအပေါ် အလေးထားဦးတည်ထားပြီး၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း ခိုင်မာအားကောင်းစေခြင်း၊ အဆင့်အားလုံးတွင် အပြန်အလှန် ဆွေးနွေးပြောဆိုမှု ခိုင်မာအားကောင်းစေလျက်၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းနှင့် အငြင်ပွားမှုဖြေရှင်းရေးယန္တရားများ ပိုမိုထိရောက်ကောင်းမွန်ရန် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။ ဤဦးစားပေးအချက်ကို အထောက်အကူပြုရန်အတွက်၊ စီမံကိန်းအနေဖြင့် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအပါအဝင်၊ အလုပ်သမားအဖွဲ့အစည်း ခေါင်းဆောင်များနှင့် အလုပ်သမားများအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသင်တန်းများမှတစ်ဆင့် အငြင်းပွားမှုများကို ပို၍ ထိရောက်စွာ၊ ပို၍တရားမျှတစွာ ဖြေရှင်းနိုင်ရန် နိုင်ငံအဆင့် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးယန္တရားကို ခိုင်မာအားကောင်းစေရန်အတွက် နည်းပညာဆိုင်ရာ အကူအညီနှင့် ပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

© International Labour Organization 2020

**ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး (DIILM) (၂၀၁၆-၂၀၂၁) စီမံကိန်း**အနေဖြင့် လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာမူဘောင် ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူများသည် ရွှေ့ပြောင်း သွားလာခြင်းကို မိမိတို့ဘဝလုံခြုံရေးအတွက် အားထားရာအဖြစ်ရော၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသက်ရှင်ရပ်တည်ရေး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံများသည် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အကျိုးကျေးဇူးများ ပိုမိုရရှိစေပြီး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ DIILM စီမံကိန်းနှင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများသည် (၁) အဓိကကျသော ဥပဒေနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၂) ပုံစံတကျ မဟုတ်သော ကဏ္ဍရှိ အလုပ်သမားများအပါအဝင် ရွှေ့ပြောင်းသွားလာသူအားလုံးအတွက် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်မြှင့်တင်ဆောင်ရွက်ပေးရန်၊ (၃) ရွှေ့ပြောင်းသွားလာသူများကို ပေးသော ဝန်ဆောင်မှုများ ပိုမိုလွှမ်းခြုံမိစေရန်နှင့် အရည်အသွေးပြည့်ဝစေရန် တိုးမြှင့်ဆောင်ရွက်ရန်၊ (၄) မူဝါဒဆက်စပ်ကိုက်ညီမှု ခိုင်မာအားကောင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**DIILM စီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေပံ့ပိုးပေးပါသည်။**

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက-**
Jacqueline Pollock
နည်းပညာအကြံပေးအရာရှိ (Migration)
အီးမေးလ် - pollock@ilo.org

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာနိုင်ငံ
+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉
+၉၅ ၉ ၄၂၁၁၂၆၈၆၉
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
https://www.ilo.org/yangon/areas/labour-migration/lang--en/index.htm

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

© International Labour Organization 2020